ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမ္မတရုံးဝန်ကြီးဌာန
အမိန့်ကြေညာစာအမှတ် (၅/၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

CDM ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း။

(၁) CDM (Civil Disobedience Movement) သည် စစ်အာဏာရှင်ဖြုတ်ချရေးတွင် အထူးပင်ထိရောက်သော လက်နက်တစ်ခုအဖြစ် အောင်မြင်လျက်ရှိပါသည်။

(၂) ယနေ့ မတ်လ (၃၁) ရက် ည (၁၂) နာရီ အချိန်သည် CDM ပြုလုပ်မည့်သူများ CDM ပြုလုပ်နိုင်ရန် နောက်ဆုံးသတ်မှတ်ထားသောအချိန် ဖြစ်သည်။

(၃) ဧပြီလ ပထမပတ်အတွင်း ညီညွတ်သော ပြည်သူ့အစိုးရ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

(၄) စစ်အာဏာရှင်၏ အောက်တွင် အလုပ်မလုပ်လိုသဖြင့် အလုပ်ထွက်လာသူ၊ နုတ်ထွက်စာတင်ပြီး အလုပ်ဆက်မလုပ်သူများကိုလည်း CDM အဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

(၅) ပြည်သူ့အစိုးရ ပေါ်ပေါက်လာချိန်တွင် စစ်အာဏာရှင်နှင့် ဆက်လက်ပူးပေါင်းနေသူများ၊ စစ်အာဏာရှင်၏ အစေခံများ၊ CDM မပြုလုပ်သူများသည် ပြည်သူ့အစိုးရကို ဆန့်ကျင်ပုန်ကန်သူများအဖြစ် မှတ်ယူမည်ဖြစ်သည်။

(၆) အဆိုပါ CDM မပြုလုပ်သူများ၊ စစ်အာဏာရှင်၏ လက်ပါးစေများ၊ စစ်အာဏာရှင်၏ လက်ကိုင်တုတ်များ၊ စစ်အာဏာရှင်နှင့် ပူးပေါင်းသူများကို ပြည်သူ့အစိုးရ သက်ဆိုင်ရာဒေသ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များက ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(၇) ဒေသဆိုင်ရာ CDM အောင်မြင်ရေးအဖွဲ့အနေဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ)လွင်ကိုလတ်
ခေတ္တပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်